# ၁၉၆၁ခုနှစ်၊ နိုင်ငံတော်ဘာသာ သာသနာချီးမြှောက် ထောက်ပံ့ရေးအက်ဥပဒေ။[1]

(၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။)

(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၂ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၆၁ခုနှစ်၊ နိုင်ငံတော်ဘာသာသာသနာချီးမြှောက်ထောက်ပံ့ရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။ [2]

**ဗုဒ္ဓဘာသာဝင်စာသင်သားများအတွက် ဗုဒ္ဓဘာသာတရားစာများကို သင်ကြားခြင်းနှင့် စာမေးပွဲများ ကျင်းပခြင်း**

၂။ ။(၁) ပြည်ထောင်စုနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံး၌၊ ဗုဒ္ဓဘာသာဝင် စာသင်သားများအား၊ ဗုဒ္ဓဘာသာတရားစာများကို သင်ကြားစေရမည်။

(၂) ပြည်ထောင်စုနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံး၌–

(က) ဗုဒ္ဓဘာသာဝင်စာသင်သားများအတွက် ဗုဒ္ဓဘာသာ တရားစာမေးပွဲများ ကျင်းပစေရမည်။

(ခ) အဆိုပါ စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ် ချီးမြှင့်ရမည်။

(ဂ) အဆိုပါ စာမေးပွဲကို ထူးချွန်စွာ အောင်မြင်သူများအား ဆုများချီးမြှင့်ရမည်။

**ရှင်းလင်းချက်။** ။ဤပုဒ်မအရ ကျင်းပသည့်စာမေးပွဲတွင် အောင်သူများအား အောင်လက်မှတ်များကိုသာ ထုတ်ပေးရန်ဖြစ်၍ မအောင်လျှင်၊ အတန်းမတက်ရသော စာမေးပွဲမဖြစ်စေရ။

**တက္ကသိုလ်များနှင့် ကောလိပ်များတွင် ဗုဒ္ဓဘာသာကျမ်းစာများ သင်ယူဖြေဆိုခွင့် ပေးခြင်း။**

၃။ ။ပြည်ထောင်စုနိုင်ငံအတွင်းရှိ တက္ကသိုလ်အားလုံးနှင့် ထိုတက္ကသိုလ်များလက်အောက်ရှိ ကောလိပ်များတွင်၊ ဗုဒ္ဓဘာသာကျမ်းစာများ သင်ယူလိုသူ အလုံအလောက် ရှိလျှင်၊ ထိုသူတို့အား အခြားဘာသာရပ်များ သင်ယူဖြေဆိုသည့်နည်းတူ သင်ယူဖြေဆိုခွင့်ပြုရမည်။

---

*၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ–၂၀၆၉။*

*၂။ ဤအက်ဥပဒေသည် ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၇)ရက်နေ့တွင် စတင်အာဏာတည်သည်။ (လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဌာနခွဲ၏ ၅–၁၀–၆၁ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၈၆။) (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ–၂၀၉၇)*

**ဗုဒ္ဓဘာသာစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် ခွင့်ရက်ပေးခြင်း။**

၄။ ။ အစိုးရ၊ သို့တည်းမဟုတ် ဘုတ်အဖွဲ့၊ မြူနီစပါယ်အဖွဲ့၊ သို့တည်းမဟုတ် အခြားဒေသန္တရ အာဏာပိုင်များသည်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၊ ပါဠိပညာရေးအဖွဲ့၊ သို့တည်းမဟုတ် ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့အစရှိသော အက်ဥပဒေဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုခုက ကျင်းပသေ ဗုဒ္ဓဘာသာစာမေးပွဲ တစ်ခု ခုအတွက်အမှန်တကယ် လေ့လာပြင်ဆင်ပြီး၊ ထိုစာမေးပွဲကို ဝင်ရောက် ဖြေဆိုမည့် မိမိလက်အောက်ရှိ ရာထမ်းမှုထမ်းများအား၊ ထိုစာမေးပွဲကျင်းပသော ရက်များနှင့် ထိုစာမေးပွဲကျင်းပရာ အနီးဆုံးဌာနသို့ အသွားအတွက်နှင့် ထိုဌာနမှ အပြန်အတွက် အမှန်လိုအပ်သော ရက်များအတွက် တည်ဆဲတရားဥပဒေအရ ခံစားခွင့်ရှိသည့် ခွင့်ရက်များထဲမှ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ပြုလုပ်သော နည်းဥပဒေများနှင့်အညီ ခွင့်ပေးရမည်။

**ဆရာအတတ်သင်ကျောင်းများတွင် ဗုဒ္ဓဘာသာတရားစာများကို သင်ယူနိုင်သော ဘာသာရပ် ဖြစ်စေခြင်း။**

၅။ ။ (၁) အစိုးရ ဆရာအတတ်သင်ကျောင်းများနှင့် တက္ကသိုလ်ဆရာအတတ်သင်ကျောင်းအားလုံး တွင် ဗုဒ္ဓဘာသာတရားစာများကို သင်တတ်ပြတတ်အောင် သင်ကြားမှု ကို ဘာသာတစ်ရပ်အနေဖြင့် သင်ကြားပေးရမည်။

(၂) ထိုဘာသာရပ်ကို ဗုဒ္ဓဘာသာဝင်ဆရာလောင်းများအတွက် မယူမနေ ရဘာသာရပ်တစ်ခုဖြစ်စေပြီး၊ ဗုဒ္ဓဘာသာဝင်မဟုတ်သော ဆရာလောင်း များအတွက် သင်ယူလိုက သင်ယူနိုင်သော ဘာသာရပ် ဖြစ်စေရမည်။

**ရှင်းလင်းချက်။** ။ဤပုဒ်မအရ သင်ကြားပြသပေးသည့် ဘာသာရပ်တွင် အောင်သူများအား အောင် လက်မှတ်များကိုသာ ထုတ်ပေးရန်ဖြစ်၍ မအောင်လျှင်၊ အတန်းမတက်ရသော ဘာသာရပ်မဖြစ် စေရ။

**ဘုန်းတော်ကြီးကျောင်းများကို အစိုးရမူလတန်းကျောင်းသစ်များဖွင့်ရာ၌ ဦးစားပေးခြင်း။**

၆။ ။ အစိုးရမူလတန်းကျောင်းသစ်များဖွင့်ရာ၌ စာသင်ကျောင်းအတွက် သင့်လျော်လုံလောက်သော အဆောက်အဦလည်းရှိ၍၊ ကျောင်းထိုင်ဘုန်းတော်ကြီးကလည်း အစိုးရက သတ်မှတ်သည့်စည်းကမ်းများကို လက်ခံသည့်ပြင်၊ စာသင်သားများ လည်း လုံလောက်စွာ ရရှိနိုင်မည်ဖြစ်သော ဘုန်းတော်ကြီးကျောင်းများကို ဦးစားပေးရမည်။

**ဗုဒ္ဓဘာသာတရားတော်ကို အသံလွှင့်ခြင်း။**

၇။ ။ အစိုးရအသံလွှင့်ဌာနသည်၊ ဥပုသ်နေ့များတွင် တစ်နေ့လျှင် အနည်းဆုံး တစ်နာရီအောက် မနည်း အချိန်ခွဲ၍ဖြစ်စေ၊ တစ်ဆက်တည်းဖြစ်စေ၊ ဗုဒ္ဓဘာသာတရားတော် ကို အသံလွှင့်ရမည်။

၈။ ။အစိုးရသည်၊ အကျဉ်းထောင်များတွင် အကျဉ်းသားများ ဗုဒ္ဓဘာသာတရားစာများ သင်ယူနိုင်ရန်အလို့ငှာ သင်တန်းများ ဖွင့်လှစ်ထားရှိရမည်။

*အကျဉ်းထောင်များတွင် ဗုဒ္ဓဘာသာ တရားစာ သင်တန်းများ ဖွင့်လှစ်ထားခြင်း။*

၉။ ။အစိုးရ၊ ဘုတ်အဖွဲ့၊ မြူနီစီပါယ်အဖွဲ့၊ သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်များသည်–

*ဥပုသ်နေ့များတွင် အစိုးရ နှင့် ဒေသန္တရအာဏာပိုင်ရုံးများ ပိတ်ခြင်း။*

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မိမိတို့၏ ရုံးများကို ဥပုသ်နေ့များတွင် ပိတ်ရမည်။

(ခ) မိမိတို့၏ စာသင်ကျောင်းများကိုလည်း၊ ဥပုသ်နေ့များတွင် ပိတ်ရမည်။

ခြွင်းချက်။ ။ သို့ရာတွင်လုပ်ငန်းသဘောအရ ဥပုသ်နေ့တွင် ပိတ်ရန်မဖြစ်နိုင်ဟူ၍ လုံလောက်သော အကြောင်းများရှိနေသည့် ရုံးများကို ဥပုသ်နေ့အစား သင့်တော်သော နေ့တစ်နေ့တွင် ပိတ်ရန် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

၁၀။ ။(၁) ထန်းရည်၊ ခနိရည်၊ စိမ်ရည်၊ လော်စာရည်၊ ချက်အရက်၊ သို့တည်းမဟုတ် နိုင်ငံခြားအရက်ရောင်းရန်အစိုးရလိုင်စင်ရသော ဆိုင်ရှိရှိများကို၊ ဥပုသ်နေ့များတွင် ပိတ်ထားရမည်။

*ဥပုသ်နေ့များတွင် အရက်ဆိုင်များပိတ်ခြင်း။*

(၂) ပျော်ပွဲစားရုံများတွင် ဥပုသ်နေ့များ၌ သေရည်သေရက်ရောင်းခြင်း၊ သို့တည်းမဟုတ် ပေးခြင်းမပြုရ။

(၃) ဟိုတယ်များတွင် တည်းခိုရာအခန်းတွင်းများမှအ အများနှင့်သက်ဆိုင်သော အခြားမည်သည့်နေရာတွင်မဆို၊ ဥပုသ်နေ့များ၌ သေရည်သေရက်ရောင်းခြင်း၊ သို့တည်းမဟုတ် ပေးခြင်း မပြုရ။

၁၁။ ။အများပြည်သူတို့အတွက် ဖွင့်ထားသော အစိုးရပိဋကတ်တိုက်အားလုံးတွင် ပိဋကတ်သုံးပုံပါဠိတော်များ၊ အဋ္ဌကထာများ၊ ဋီကာများနှင့် မြန်မာဘာသာပြန်များ အပြည့်အစုံအပြင်၊အခြားသင့်လျော်ရာဗုဒ္ဓဘာသာကျမ်းစာများကိုလည်း ထားရှိရမည်။

*အများပြည်သူတို့အတွက် အစိုးရ ပိဋကတ်တိုက်အားလုံးတွင် ဗုဒ္ဓဘာသာ ကျမ်းစာများကို ထားခြင်း။*

၁၂။ (၁) ပြည်ထောင်စုနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းအားလုံးတွင် ပါဠိဘာသာကို သင်ယူလိုသော စာသင်သားအလုံအလောက်ရှိလျှင်၊ ယင်းဘာသာကို

*ပါဠိဘာသာသင်ကြားရေး။*

အင်္ဂမတန်းမှစ၍ အခြားဘာသာရပ်များနည်းတူ သင်ယူဖြေဆိုနိုင်စေရန် နှင့် သင်ယူလိုသူများအတွက် ဆရာများလည်း လုံလောက်စွာ ရှိစေရန် စီစဉ်ပေးရမည်။

(၂) ပါဠိဘာသာသည် ပြည်ထောင်စုနိုင်ငံအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲအားလုံးအတွက် တက္ကသိုလ်ဝင်ခွင့်ရ ဘာသာရပ်များအနက်၊ ကျောင်းသားများ ရွေးချယ်ခွင့်ရှိသည့် ဘာသာရပ်တစ်ရပ် ဖြစ်စေရမည်။

(၃) ရာထူးဝန်အဖွဲ့သည်၊ မည်သည့်ရာထူးအတွက်မဆို အပြိုင်စာမေးပွဲ ကျင်းပ၍ဖြစ် စေ၊ မကျင်းပဘဲ ဖြစ်စေ၊ လူများရွေးချယ်ရာတွင် ပါဠိဘာသာကို အခြားဘာသာများနှင့် တန်းတူတန်ဖိုးထားပြီး ရွေးချယ်ရမည်။

**ညွှန်ကြားချက်များ ထုတ်နိုင်သည့် အာဏာ။**

၁၃။ (၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ထုတ်သော မည်သည့်အမိန့်ကိုမဆို လိုက်နာဆောင်ရွက်ရန်အလို့ငှာ မည်သည့်အာဏာပိုင်အားမဆို၊ ညွှန်ကြားချက်များ ထုတ်နိုင်သည်။

(၂) အထက်ပါ အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါညွှန်ကြားချက်များသည်၊ အထူးအားဖြင့် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) တရားရုံးတိုင်းတွင်၊ သို့တည်းမဟုတ် တရားရုံးစုတိုင်းတွင် အများအလွယ်တကူ ကြည်ညိုဖူးမြော်နိုင်သော နေရာသီးခြားဘုရားခန်း၌၊ သို့တည်းမဟုတ် သီးခြားမှာရုံ၌ မြတ်စွာဘုရားရုပ်ပွားတော်တစ်ဆူစီထားရှိရန်ကိစ္စ။

(ခ) အစိုးရ စာသင်ကျောင်းအားလုံးတွင် ဗုဒ္ဓဘာသာဝင်ဆရာဆရာမများနှင့် စာသင်သားများ ဘုရားရှိခိုးခြင်း၊ ဝတ်တက်ခြင်း၊ တရားနာခြင်းပြုနိုင်ရန် အစီအစဉ်များ ပြုလုပ်ပေးရန်ကိစ္စ။

(ဂ) အစိုးရဆိုင်များကိုဖြစ်စေ၊ မြူနီစီပါယ်ဈေးများ၊ သို့တည်းမဟုတ် အခြားဒေသန္တရ အာဏာပိုင်များ၏ ဈေးများကိုဖြစ်စေ၊ ဥပုသ်နေ့များတွင် ပိတ်ရန်ကိစ္စ။

(ဃ) တက္ကသိုလ်များ၊ ထိုတက္ကသိုလ်လက်အောက်ရှိ ကောလိပ်များနှင့် အစိုးရစာသင်ကျောင်းအားလုံးတွင် ဆရာဆရာမများနှင့် စာသင်သားများအတွက် စာဖတ်ခန်းများထားရှိရန်ကိစ္စ။

(င) အဆိုပါ စာဖတ်ခန်းများတွင် ဗုဒ္ဓဘာသာကျမ်းစာများ၊ စာစောင်များနှင့် စာရွက်စာတမ်းများ ထားရှိရန်ကိစ္စ။

(စ) ပိဋကတ်သုံးပုံပါဠိတော်များ၊ အဋ္ဌကထာများ၊ ဋီကာများနှင့် မြန်မာဘာသာပြန်များ ထားနိုင်ရန် အကူအညီလိုသည့် ပြည်ထောင်စုနိုင်ငံအတွင်း အများပြည်သူအတွက် ဖွင့်ထားသော ပိဋကတ်တိုက်များကို အစိုးရက ကူညီရန်ကိစ္စ။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၃ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ရက်။
(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၂ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။